# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၂.၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁ ရက်၊

(၄) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၆) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၉) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်နှင့်

(၁၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မူကြမ်း**

**လွိုင်လင်မြို့နယ်၊ ပန်မုန့်ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာအဝင် သစ်သားတံတားသည် အချိန်မရွေးပြိုကျပျက်စီးမည့် အန္တရာယ်ရှိနေပါသဖြင့် သင့်လျော်သည့်တံတားတစ်စင်း တည်ဆောက်ပေးပါရန်နှင့် နောင်လွိုင်အရှေ့ကျေးရွာအုပ်စုရှိ နောင်မတ်မီးရွာ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကိုတင်သွင်းတဲ့ ကြယ်ပွင့်ပြမေးခွန်း ယခုမေးခွန်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ လွှတ်တော်ကိုတင်သွင်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ပြည်ထောင်စုပွဲအပြီးမှာတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော့်ကို ဆက်သွယ်လာခဲ့ပါတယ်။ ဒီတံတားဆောက်ရွက်ဖို့ကိစ္စများ၊ ရေရရှိရေးကိစ္စများ ဆောင်ရွက်ရန်အတွက်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွေနဲ့ ဆက်သွယ်ပြီးတော့မှ ဒီကိစ္စကိုဆောင်ရွက်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်မေးခွန်းမေးမြန်းပါ့မယ်ခင်ဗျား။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း လွိုင်လင်မြို့နယ်၊ ပင်လုံဒေသသို့ မိဘပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံခဲ့ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြပေးပါရန် တင်ပြလာကြပါတယ်။ ယခုပင်လုံဒေသဟာ ငြိမ်းချမ်းရေးရရှိခဲ့တဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ပင်လုံဒေသမှာနေထိုင်ကြတဲ့ တောင်ပေါ်တိုင်းရင်းသားများဖြစ်ကြတဲ့ ရှမ်းလူမျိုးများ၊ ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ရာဒေသဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိခဲ့၍ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များလည်း ဖွဲ့စည်းထားရှိတဲ့ဒေသလည်းဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်၊ ပင်လုံဒေသ၊ ပန်မုန့်ကျေးရွာအုပ်စုမှာရှိတဲ့ နောင်ဟိုင်းရွာအဝင်တံတား (ဦးပူရလေး

တံတားလို့လည်းခေါ်ပါတယ်)ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ခန့်က တည်ဆောက်ခဲ့တဲ့တံတားဖြစ်ပါတယ်။ ယခုအခါမှာ ရာသီဥတုဒဏ်ကြောင့်လည်းကောင်း ပြိုကျပျက်စီးနိုင်တဲ့၊ ဆွေးမြည့်ပျက်စီးနေတဲ့ အခြေအနေတွေကို တွေ့ရှိခဲ့ရပြီး ဒေသခံတိုင်းရင်းသား ရပ်မိရပ်ဖများက ပြင်ဆင်ပေးရန်အကြံပြုလာကြပါတယ်။ သို့ဖြစ်ပါ၍ နောင်ဟိုင်းရွာအဝင်တံတားကို သက်ဆိုင်ရာဌာနကို ပြင်ဆင်ပေးနိုင်ပါရန်အတွက် မေးမြန်းမှာဖြစ်ပါတယ်။ ထို့အတူပဲ လွိုင်လင်မြို့နယ်၊ နောင်လှိုင်အရှေ့ကျေးရွာအုပ်စု၊ နောင်မတ်မီးရွာမှာ ကျေးရွာနေတိုင်းရင်းသားရပ်မိရပ်ဖများက သောက်သုံးရေအခက်အခဲရှိတဲ့အတွက်ကြောင့် တင်ပြလာကြပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာနသို့တင်ပြပြီးတော့ မည်သည့်အချိန်မှာဆောင်ရွက်ပေးမည်ဆိုတာကို မေးမြန်းပါမယ်ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပန်မုန့်ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာအဝင် သစ်သားတံတားကြီးသည် ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ ခရီးသွားမော်တော်ယာဉ်များ၏ ဖြတ်သန်းသွားလာမှုကြောင့်လည်းကောင်း အချိန်မရွေးပြိုကျပျက်စီးမည့်အန္တရာယ်ရှိနေပါ၍ ၎င်းသစ်သားတံတားကြီးနေရာတွင် သင့်တော်သည့်တံတားတစ်စင်း တည်ဆောက်ပေးပါရန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လှိုင်အရှေ့ကျေးရွာအုပ်စုရှိ နောင်မတ်မီးရွာ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း ၃ မိုင်ခန့် အကွာအဝေးနေရာမှ ရေသွယ်ယူခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်တင်အောင်ချစ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၏ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပန်မုန့်ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာအဝင် သစ်သားတံတားသည် အချိန်မရွေးပြိုကျပျက်စီးမည့်အန္တရာယ်ရှိနေပါ၍ သင့်တော်သည့်တံတားတစ်စင်း တည်ဆောက်ပေးပါရန်နှင့် နောင်လှိုင်အရှေ့ကျေးရွာအုပ်စုရှိ နောင်မတ်မီးရွာ

သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း ၃ မိုင်ခန့် အကွာအဝေးနေရာမှ ရေသွယ်ယူခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးမြန်းချက်နှင့်စပ်လျဉ်းပြီး နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်မှ ရှင်းလင်းဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်းပြီး နောင်ဟိုင်းရွာအဝင် ပေ ၄၀ တံတား တည်ဆောက်မည်ဆိုပါက တံတားပတ်ဝန်းကျင်ကျေးရွာရှစ်ရွာနှင့် အိမ်ခြေ ၅၅၈ လုံး၊ လူဦးရေ ၂၂၃၂ ဦးနှင့် ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ဆက်သွယ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အလားတူ နောင်မတ်မီးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ပါက နောင်မတ်မီးရွာရှိ အိမ်ခြေ ၆၉ လုံး၊ လူဦးရေ ၄၁၃ ဦးတို့ရဲ့ ကျန်းမာရေးနှင့်လူမှုဘဝမြင့်မားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀ ဖြင့် လွိုင်လင်မြို့နယ်၊ ပန်မုန့်ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာအဝင် ကွန်ကရစ်တံတား(၄၀x၁၆x၂၀)ပေကိုလည်းကောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၂.၅ သန်းဖြင့် နောင်လှိုင်အရှေ့ကျေးရွာအုပ်စုရှိ နောင်မတ်မီးရွာ စိမ့်စမ်းရေသွယ်ယူခြင်း ၃ မိုင်လုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်းနှင့် အဆိုပါလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်ပါကြောင်း Power Point နှင့်တကွ ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့ကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျောင်းသား/ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို တိုးတက်စေပြီး ပညာရေးစနစ်မြှင့်တင်ရေးအတွက် အထောက်အကူပြု/မပြုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြင်သိန်း(ပဲခူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ဆုတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ပညာရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းတစ်ခုမေးမြန်းလိုပါတယ်။ ပညာရေးဌာနအနေနဲ့ အခြေခံပညာ စတုတ္ထတန်းနဲ့အဋ္ဌမတန်းစာမေးပွဲများကို ၂၀၁၅ ခုနှစ်၊

ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်တို့က ကြီးကြပ်ပြီးတော့ စစ်ဆေးခဲ့ပါတယ်။ ဒါ ပထမအကြိမ် အတွေ့အကြုံဖြစ်တဲ့အတွက် ကျရှုံးတဲ့ ကျောင်းသားကျောင်းသူများကို ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှာ ပြန်ပြီးတော့ ကုစားသင်ကြား ပြီးတော့ ပြန်လည်စစ်ဆေးခဲ့ပါတယ်။ အခု အောင်စာရင်းတွေလည်း အားလုံးထုတ်ပြီးပါပြီ။ အခု ကျွန်တော်သိလိုတဲ့အချက်ကတော့ အခုလို ဒီစတုတ္ထတန်းနဲ့အဋ္ဌမတန်းစာမေးပွဲတွေ ပုံစံပြောင်းပြီးတော့ စစ်ဆေးခြင်းဟာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ကျောင်းသားကျောင်းသူများရဲ့ ကြိုးစားအားထုတ်မှုကိုတိုးတက်စေပြီးတော့ ပညာရေးစနစ်မြှင့်တင်ရေးအတွက် အထောက်အကူပြု/မပြုသိလိုတဲ့အတွက် ဒီမေးခွန်းကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကြင်သိန်းရဲ့ စတုတ္ထတန်းနှင့်အဋ္ဌမတန်းတို့ကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျောင်းသားကျောင်းသူများရဲ့ ကြိုးစားအားထုတ်မှုကိုတိုးတက်စေပြီး ပညာရေးစနစ်မြှင့်တင်ရေး အတွက် အထောက်အကူ ပြု/မပြု သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအဆင့်မှာ စစ်ဆေးအကဲဖြတ်မှု စနစ်ကို နှစ်စဉ်အတန်းတင်စာမေးပွဲစစ်ဆေးပြီးတော့ အတန်းတင်ပေးတဲ့၊ စာမေးပွဲဗဟိုပြုတဲ့ စစ်ဆေး အကဲဖြတ်တဲ့စနစ်ကို ကျွန်တော်တို့က အဲဒီစနစ်ကနေပြီး စဉ်ဆက်မပြတ်အကဲဖြတ်ပြီးတော့ အတန်း တင်ပေးတဲ့စနစ်ကို ၁၉၉၈ ခုနှစ်၊ ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့်အတူ စတင်ကျင့်သုံးခဲ့ပါတယ်။ ယခင်က စာမေးပွဲဗဟိုပြုတဲ့စနစ်ကို ကျင့်သုံးခဲ့တဲ့အတွက် စာမေးပွဲကျရှုံးသည့်နှစ်ကျကျောင်းသား ကျောင်းသူများ အတန်းအလိုက်ရှိခဲ့ပြီးတော့ စာမေးပွဲကျရှုံးမှုနှင့်အတူ Dropout Rate လို့ခေါ်တဲ့ ကျောင်းထွက်တဲ့ ကျောင်းပြင်ပရောက်ကလေးများဟာ လွန်စွာများပြားခဲ့ပါတယ်။ စဉ်ဆက်မပြတ်

အကဲဖြတ်၍ အတန်းတင်ပေးတဲ့စနစ်ကို အသုံးပြုခြင်းဖြင့် ကျောင်းထွက်နှုန်းများ လျော့ကျလာပြီးတော့ ကျောင်းပြီးဆုံးနှုန်းများ တစ်နည်းအားဖြင့် Completion Rate များ မြင့်တက်လာခြင်းနှင့် အခြေခံပညာမူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ကူးပြောင်းတဲ့နှုန်း၊ အလယ်တန်းအဆင့်မှအထက်တန်းအဆင့်သို့ကူးပြောင်းတဲ့နှုန်း(Transition Rate)များ ပိုမိုတော့ မြင့်မားလာခဲ့ပါတယ်။ ဒါပေမယ့်လို့ အခြေခံပညာအရည်အသွေးမြင့်မားရေးဟာ အခြေခံပညာဆရာဆရာမများရဲ့ သင်ကြားမှုစွမ်းဆောင်ရည်ပေါ်မှာ တည်မှီလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မူလတန်းအဆင့်ရဲ့ နောက်ဆုံးအတန်းဖြစ်တဲ့ စတုတ္ထတန်းနှင့် အလယ်တန်းအဆင့်ရဲ့နောက်ဆုံးအတန်းဖြစ်တဲ့ အဋ္ဌမတန်းတို့ရဲ့စာမေးပွဲတွေကို ကျင်းပပြီးတော့ ကျောင်းသားကျောင်းသူတွေရဲ့ တတ်မြောက်မှုအရည်အသွေးတွေကို စိစစ်ပြီးတော့ လိုအပ်သလို အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ပြီးတော့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီးတော့ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများကို မြို့နယ်စစ်၊ ခရိုင်စစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်ဆေးခဲ့တာဖြစ်ပါတယ်။ အဲဒီလို စစ်ဆေးပြီးတဲ့နောက်မှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ကျောင်းများအလိုက် အောင်စာရင်းများထုတ်ပြန်ပြီးတော့ ကျွန်တော်တို့က သူ့ရဲ့အဆင့်လေးဆင့် A,B,C,D ဆိုပြီးတော့ ကျွန်တော်တို့က အဆင့်လေးဆင့်ခွဲပြီးတော့ အောင်စာရင်းကိုထုတ်ပြန်ပါတယ်။ အဲဒီမှာ D အဆင့်ရတဲ့လူတွေကိုတော့ ကျရှုံးတဲ့ဘာသာရပ်တွေကို ပြန်လည်ပြီးတော့ ကုစားသင်ကြားတယ်လို့တော့ သုံးနှုန်းပါတယ်ခင်ဗျား။ ဒါတွေကိုတော့ ပြန်လည်ပြီးတော့တတ်မြောက်အောင် သင်ကြားပေးပြီးတော့ စာမေးပွဲကို ပြန်လည်ဖြေဆိုစေပြီးတော့မှ အတန်းတက်ရောက်နိုင်ဖို့အတွက် စီစဉ်ထားရှိတဲ့အနေအထား ဖြစ်ပါတယ်။

ယခင်ကတော့ ဤကဲ့သို့အဆင့်အလိုက်အရည်အသွေးကို ထိန်းချုပ်ပေးတဲ့စာမေးပွဲတွေ မရှိခဲ့တဲ့အတွက် သင်ကြားရေးယူခဲ့တဲ့ ဆရာဆရာမများအနေနဲ့လည်းပဲ တတ်အောင်သင်ဖို့အတွက် အားထုတ်မှုနည်းခဲ့ပြီးတော့ အတန်းတင်ပေးတဲ့အခြေအနေများလည်း ရှိခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ကလေးများရဲ့တတ်မြောက်မှုအရည်အသွေး ကျဆင်းစေခဲ့ပြီးတော့ အခြေခံပညာရေး အရည်အသွေး ကျဆင်းစေခဲ့ခြင်းမျိုးလည်း ကြုံတွေ့ခဲ့ရလို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီးတော့ မူလတန်းအဆင့်စတုတ္ထတန်းနှင့် အလယ်တန်းအဆင့်နောက်ဆုံးဖြစ်တဲ့ အဋ္ဌမတန်းတို့မှာ နိုင်ငံတော်အဆင့်စာမေးပွဲများကို ကျင်းပပြီးတော့ (D) အဆင့်ရရှိတဲ့ ကျောင်းသားကျောင်းသူများရဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက် လိုအပ်တဲ့ကျောင်းများကို ကျွန်တော်

တို့ သုတေသနများပြုလုပ်ပြီးတော့ ဘယ်ဘာသာမှာကျပါသလဲ။ ဘယ်ဟာက အားနည်းချက်ရှိတာလဲ။ ကျောင်းသားရဲ့အားနည်းချက်လား။ သင်ကြားမှုရဲ့အားနည်းချက်လားစသည်ဖြင့်၊ မေးခွန်းရဲ့အားနည်းချက်လားစသည်ဖြင့် ကျွန်တော်တို့က ဆန်းစစ်ပြီးတော့ လိုအပ်သည်များကို ပံ့ပိုးပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနကနေပြီးတော့ တိုက်ရိုက်ကြီးကြပ်ပြီးတော့ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ သင်ကြားရေးတာဝန်ယူရတဲ့ ဆရာဆရာမများအနေနဲ့ကလည်း အတန်းအလိုက်၊ အရည်အသွေးအလိုက် သင်ကြားရေးလုပ်ငန်းများကို ပိုမိုအလေးပေးဆောင်ရွက်စေနိုင်ပြီးတော့ ကျောင်းသားကျောင်းသူများအနေနဲ့လည်း ပိုမိုကြိုးပမ်းအားထုတ်သင်ယူလာနိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့က လာမယ့်ဒီအနာဂတ်အတွက် စီမံကိန်းများချမှတ်ရာမှာလည်း ဒါတွေဟာ များစွာအထောက်အကူ ဖြစ်စေမယ့်အကဲဖြတ်ရလဒ်တွေကို ရရှိမှာဖြစ်သလို ဆရာဆရာမများရဲ့ စွမ်းဆောင်ရည်၊ Performance ဒါတွေကိုလည်း ကျွန်တော်တို့က စစ်ဆေးအကဲဖြတ်နိုင်မယ့် အခွင့်အလမ်းများလည်း ထပ်မံပြီးတော့ရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အကျဉ်းချုပ်တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ စတင်ပြီးတော့ကျင့်သုံးခဲ့တဲ့ မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့မှာ စာမေးပွဲများအား စစ်ဆေးခြင်းဟာ အခြေခံပညာကဏ္ဍရဲ့ အရည်အသွေးမြင့်မားရေးအတွက် များစွာအထောက်အကူပြုပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပညာရေးဝန်ထမ်းများ ခရီးစရိတ်ပြန်လည်ထုတ်ယူရာတွင် ခရီးစရိတ်လုံလောက်ပြီး အချိန်ကြာမြင့်စေမှုမရှိစေရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှုပိုမိုအဆင်ပြေလျင်မြန်စေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ မေးခွန်း(၄)ခုအနက် ကျွန်တော်မေးခွန်း(၃)ခုကိုသာ မေးသွားမှာဖြစ်ကြောင်း ကြိုတင်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးဝန်ထမ်းများ တာဝန်ဖြင့်ခရီးသွားလာ

ရာတွင် ခရီးစရိတ်လုံလောက်မှုနှင့်အတူ ၎င်းခရီးစရိတ်အား ပြန်လည်ထုတ်ယူရာတွင်လည်း အချိန်ကြာမြင့်စေမှုမရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ မေးခွန်း(၂) ပညာရေးဝန်ကြီးဌာန အထက်အဆင့်ဆင့်မှ တောင်းခံလာသော စာရင်းဇယားများ ဖြည့်စွက်စေရာတွင် လိုက်နာရမည့်စည်းကမ်းတိကျသည့်ညွှန်ကြားချက်များ ကြိုတင်ထုတ်ပြန်ပေးထားနိုင်ခြင်း ရှိ/မရှိ။ မေးခွန်း(၃) အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု လျင်မြန်စေရန်နှင့် ပိုမိုအဆင်ပြေလာစေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ စသည့်မေးခွန်းအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒုတိယမြောက်မေးခွန်းအနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့ ပညာရေးဝန်ထမ်းများ ခရီးစရိတ်ပြန်လည်ထုတ်ယူရာမှာ ခရီးစရိတ်လုံလောက်ပြီး အချိန်ကြာမြင့်စေမှုမရှိစေရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု ပိုမိုအဆင်ပြေလျင်မြန်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းမေးခွန်းကို ဖြေရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ပညာရေးဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားလာတဲ့အခါမှာ ခရီးစရိတ်လုံလောက်မှုနှင့်အတူ ၎င်းခရီးစရိတ်အားပြန်လည်ထုတ်ယူရာတွင် အချိန်ကြာမြင့်မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ပညာရေးဝန်ထမ်းများ တာဝန်နှင့်ခရီးသွားလာရေးအတွက် ခရီးစရိတ်ထုတ်ပေးခြင်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ၀၂-၀၁ လို့ခေါ်တဲ့ ပြည်တွင်းခရီးစရိတ် ခေါင်းစဉ်အောက်မှတချို့တစ်ဝက်ကို ကြိုတင်ထုတ်ပေးပြီးတော့ ခရီးပြီးဆုံးတဲ့အခါမှာ ကြိုတင်ထုတ်ပေးငွေကို ခုနှိမ်ခြင်းဖြင့်လည်းကောင်း၊ တာဝန်ပြီးဆုံးသည့်အခါမှ တစ်လုံးတစ်ခဲ

တည်း ထုတ်ပေးခြင်းဖြင့်သော်လည်းကောင်း နည်းလမ်းနှစ်သွယ်ဖြင့် ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ပညာရေးဝန်ကြီးဌာန အထက်အဆင့်ဆင့်မှ တောင်းခံလာသော စာရင်းဇယားများဖြည့်စွက်စေရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ တိကျတဲ့ ညွှန်ကြားချက်များကြိုတင်ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း၍ ဖြေကြားရမယ်ဆိုရင် ပညာရေးဝန်ကြီးဌာန အထက်အဆင့်ဆင့်မှ တောင်းခံလာတဲ့ စာရင်းဇယားများ ဖြည့်စွက်ရာမှာ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ တိကျတဲ့ညွှန်ကြားချက်များကို ကြိုတင်ထုတ်ပြန်ထားရှိပါတယ်။ အခါအားလျော်စွာလည်း ကျွန်တော်တို့ နှီးနှောဖလှယ်ပွဲများ ကျင်းပပြီးတော့ ထပ်မံအသိပေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းအနေနဲ့တော့ အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု လျင်မြန်စေရန်နှင့် ပိုမိုအဆင်ပြေလာစေရန်စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းပြီး ဖြေကြားရမယ်ဆိုရင် အားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ အခုခေတ်ကတော့ ကျွန်တော်တို့ ICT ခေတ်ဖြစ်တဲ့အတွက် တယ်လီဖုန်းများလည်း နေရာအနှံ့အပြားမှာ သုံးစွဲလာတာဖြစ်တဲ့အတွက် ယခင် ရုံးစာနှင့်စာရင်းဇယားများကို လျင်မြန်စေအောင် Fax နဲ့ပို့တဲ့အပြင် e-mail များသုတနည်းပညာကိုသုံးပြီးတော့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြရမယ်ဆိုရင် ပြည်ထောင်စုဝန်ကြီးတွေပဲဖြစ်ဖြစ်၊ ဒုတိယဝန်ကြီးတွေပဲဖြစ်ဖြစ်၊ နိုင်ငံခြားခရီးစဉ်များတာဝန်နဲ့သွားတဲ့အခါမှာလည်း ကျွန်တော်တို့က ကြန့်ကြာမှုမရှိအောင် အမြဲတမ်း e-mail များဖြင့် ဆက်သွယ်ခြင်း အမြဲတမ်းဆောင်ရွက်လျက်ရှိတဲ့အတွက် ကျွန်တော်တို့မှာ အလုပ်အကြွေးဆိုတာ မရှိကြောင်းဖြည့်စွက်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သီပေါမြို့နယ် ပညာရေးမှူးရုံးအဆောက်အဦ ဆောက်လုပ်နိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ သီပေါမြို့နယ် ပညာရေးမှူး ရုံးအဆောက်အဦဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ကိစ္စဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့က လွှတ်တော်ရုံး ကို ပေးပို့ထားခဲ့တာဖြစ်ပါတယ်။ သီပေါမြို့နယ် ပညာရေးမှူးရုံးဟာ လက်ရှိမှာ အ.လ.က (ခွဲ) မ-၁ ကျောင်းဝင်းအတွင်းမှာတည်ရှိပြီး နောင်အနာဂတ်ကာလမှာ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းသား ဦးရေတိုးတက်များပြားလာခြင်းတို့ရှိလာလျှင် တိုးချဲ့ရမည့်အနေအထားများရှိသည်ကတစ်ကြောင်း၊ မြို့နယ်ပညာရေးမှူးရုံးနဲ့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဆိုပါကမြေနေရာ ကျဉ်းမြောင်းတဲ့ အတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျောင်းသားမိဘများနဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့က ကန့်ကွက်လျက်ရှိကြပါတယ်။ ဒါကြောင့် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ဖို့မြေနေရာကို သီပေါ မြို့ပေါ်မှာ အခြားတစ်နေရာရာ ရရှိနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့အစည်းဝင်တို့ ဆွေးနွေး တိုင်ပင်ပြီး သီပေါမြို့အတွင်းအသုံးမပြုတော့တာကြာပြီဖြစ်တဲ့ ကုန်သွယ်လယ်ယာဂိုဒေါင်ဝင်း ကွက်အမှတ် (၉)၊ ဦးပိုင်အမှတ် (၂-က) မြေဧရိယာ ၁.ဝ၈၈ ဧကပေါ်မှာ လျာထားသတ်မှတ်ပြီး သက်ဆိုင်ရာအထက်အဖွဲ့အစည်းသို့ တင်ပြသွားရန် ၂၃-၇-၂၀၁၄ ရက်နေ့အစည်းအဝေးက ဆုံးဖြတ်ခဲ့ ပါတယ်။ အဲဒီနောက် မြေနေရာကိုကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး မြို့နယ်စီမံခွဲရေးကော်မတီ အစည်း အဝေးအမှတ် (၃၁/၂၀၁၄) ဆုံးဖြတ်ချက် အပိုဒ်(စ)အရ မြို့နယ်ပညာရေးမှူးရုံးဆောက်လုပ်ရန် မြေနေရာကို ဝ.၃၆၈ ဧကသာ ရရှိနိုင်မည်ဖြစ်ကြောင်း လွှဲပြောင်းသုံးစွဲခွင့်ရရှိရေးအတွက် အထက်ဌာန အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ထားတယ်လို့သိရှိရပါတယ်။ ဒါကြောင့် ဒီကိစ္စနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းထားရှိမှု

အခြေအနေ မည်သို့ရှိသည်ကိုသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တတိယ မြောက်မေးခွန်းအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးရဲထွန်းရဲ့ သီပေါမြို့နယ် ပညာရေးမှူးရုံး အဆောက်အဦဆောက်လုပ်နိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ် ပညာရေးမှူးရုံးဆောက်လုပ်ရန် လျာထားတဲ့ မြေဟာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းဝန်း အတွင်းရှိပြီးတော့ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းသားဦးရေတိုးတက်များပြားလာခြင်းတို့ ရှိလာလျှင် ရုံးနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဆိုပါက အလွန်ကျဉ်းမြောင်းတဲ့အတွက် မြို့ရဲ့ သင့်တော်သောနေရာတွင် မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦ (ပေ ၁၀၀ x ပေ ၃၀) RC နှစ်ထပ် နှင့် မြို့နယ်ပညာရေးမှူးရုံး ဝန်ထမ်းအိမ်ရာ (ပေ ၈၀ x ပေ ၃၀) RC တစ်ထပ်ဆောက်လုပ်ရန် နိုင်ငံတော်မှ လျာထားတဲ့အတွက် မြေနေရာရရှိရေးဆောင်ရွက်ပေးနိုင်ပါရန် မြို့နယ်ပညာရေးမှူးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံသို့ တင်ပြခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ အတိုင်းပဲ သီပေါမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌမှ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးကော်မတီကို ၄-၉-၂၀၁၄ ရက်နေ့မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပိုင် ကုန်သွယ်လယ်ယာဂိုဒေါင်ဝင်းတည်ရှိရာ နှစ် (၃၀) မြေငှားဂရန်ရရှိထားသော မြို့လယ်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၂၇/က) မြေဂရန်ဧရိယာ ၁.၀၈၈ ဧကပေါ်မှာ မြို့နယ်ပညာရေးမှူး ရုံးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြေနေရာများအဖြစ် လျာထားသတ်မှတ် ပေးခဲ့ပြီးတော့ တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ၁၃-၈-၂၀၁၄ ရက်နေ့မှာ လားရှိုးမြို့နယ်၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ကန့်ကွက်လွှာတင်ပြခဲ့ပါတယ်။

**မူကြမ်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ သီပေါမြို့ မြို့လယ်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အမည်ပေါက် နှစ် (၃၀) ဂရန်ရရှိပြီးသော ဌာနပိုင်မြေ ၁.၀၈၈ ဧကပေါ်မှာ ဌာနပိုင် အမြဲတမ်းဂိုဒေါင်ရုံ တစ်လုံးနှင့် မြို့နယ်တာဝန်ခံရုံးတစ်ရုံးတို့ တည်ရှိပါကြောင်း၊ အဆိုပါမြေဟာ ဌာနအမည်ပေါက်ဂရန် ရရှိပြီးသောမြေဖြစ်ပြီးတော့ သီပေါမြို့နယ် ပညာရေးမှူးရုံးအဆောက်အဦ ဆောက်လုပ်အသုံးပြုရန် အတွက် စိတ်ပိုင်းမြေ ၀.၃၆၈ ဧကကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မြေအသုံးချခွင့်ရရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သို့ လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် တည်ဆဲမြေအသုံးချမှုဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ပါကြောင်း ဖြေကြားပေးပို့ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင်မြေပေါ်ရှိ ၀.၃၆၈ ဧကကို သီပေါမြို့နယ် ပညာရေး မှူးရုံး အဆောက်အဦ ဆောက်လုပ်အသုံးပြုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတ ရုံးသို့ ဆက်လက်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျောက်တံခါးမြို့နယ်အတွင်းရှိ သူဌေးကုန်း-တောင်ခင်-အလှိုင်-ငဖယ်အင်း-စစ်တောင်းတာ လမ်းမကြီး သည် မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ်နေပါသဖြင့် မည်သည့်အချိန်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာအုပ်စုဟာ တောင်ခင် ကျေးရွာ၊ လေးအိမ်စုကျေးရွာ၊ အလှိုင်ကျေးရွာ၊ နွားရေချောင်းကျေးရွာ၊ ကြိတ်ခင်းကျေးရွာ၊ ဘုရားငုတ်တိုကျေးရွာနဲ့ လက်ခံအုပ်စုမှာရှိတဲ့ လက်ခံကျေးရွာ၊ ဒိုးတန်းကျေးရွာ၊ ငဖယ်အင်းကျေးရွာနဲ့ ကျောက်ဆစ်ကျေးရွာကို ဆက်သွယ်ထားသော သူဌေးကုန်း-တောင်ခင်-အလှိုင်-ငဖယ်အင်း-စစ်တောင်း

တာလမ်းမကြီးဟာ အရှည်အားဖြင့် ခုနစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် ၉ လက်မရှိပါတယ်။ ၎င်း သူဌေးကုန်း-တောင်ခင်-အလှိုင်-ငဖယ်အင်း-စစ်တောင်းတာ လမ်းမကြီးဟာ မြေသားလမ်းဖြစ်ပြီး တော့ မိုးတွင်းကာလမှာ ဗွက်ထခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ်ပါတယ်။ ထိုလမ်းမကြီးကိုအသုံးပြု၍ နေ့စဉ်မှီခိုသွားလာနေကြသော ပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများ မိုးတွင်းကာလတွင် သွားလာရေးအခက်အခဲများ ကြုံတွေ့နေရပါတယ်။ လမ်းမကြီးကို မှီခိုသွားလာနေရသော ကျေးရွာ ပေါင်း ၁၀ ရွာ၊ အိမ်ခြေပေါင်း ၁၃၆၂ အိမ်ရှိပြီး လူဦးရေမှာ ၇၇၇၅ ဦးခန့်ရှိပါတယ်။ ထိုကျေးရွာပေါင်း ၁၀ ရွာတွင် ကရင်တိုင်းရင်းသား တောင်သူလယ်သမားအများစု မှီတင်းနေထိုင်ကြပြီး ၎င်းလမ်းမကြီး ကိုသာ အဓိကထား၍ အသုံးပြုနေရပါတယ်။ ထို့အပြင် စစ်တောင်းမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ ကျွန်းကြီး သုံးရွာနဲ့ အနီးနားရွာပေါင်းခုနစ်ရွာက ပြည်သူများကလည်း လက်ခံကူးတို့ကနေတစ်ဆင့် ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးလမ်းမသို့ ချက်ချင်းရောက်အောင် သွားနိုင်ပါတယ်။ ယခုအခါ ထိုလမ်းမကြီးမှာ နွေမိုး‌ဆောင်း သွားလာ၍မရလောက်အောင် ပျက်ဆီးနေသည်ကို နိုင်ငံတော်မှ သိရှိ ပါသလား။ သိရှိပါက ပြန်လည်ပြုပြင်ပေးမယ့် အစီအစဉ်ရှိပါသလား။ ရှိပါက မည်သည့်အချိန်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီးတော့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါး မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ မေးခွန်းနဲ့ပတ်သက်၍ ပြန်လည် ပြီးတော့ တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူဌေးကုန်း- တောင်ခင်-အလှိုင်-ငဖယ်အင်း-စစ်တောင်းတာ လမ်းမကြီးဟာ အရှည် ခုနစ်မိုင်နဲ့နှစ်ဖာလုံ ရှိပါတယ်။ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ပြန်လည်ပြီးတော့ မြေသားလမ်းကို ကျောက်ချောလမ်း

အဖြစ် ပြန်လည်ပြီးတော့ တည်ဆောက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ (၈၇၃.၇၁)သန်း ကုန်ကျမည် ဖြစ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ပဲခူးတိုင်းတစ်တိုင်းလုံးအတွက် (၅၄၉၃.၇၇)သန်း ကျွန်တော်တို့ လမ်းတံတားအတွက် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ကျောက်တံခါးမြို့နယ်အနေနဲ့တင်ပြရရင် ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခုနှစ် ဘတ်ဂျက်မှာ ၂၆၅.၄၈ သန်း လမ်းတံတား အတွက် ခွင့်ပြုထားပြီးဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်ဆွေရဲ့ မေးမြန်းထားသော ကျောက်တံခါးမြို့နယ်အတွင်းမှာရှိတဲ့ သူဌေးကုန်း- တောင်ခင်-အလှိုင်-ငဖယ်အင်း-စစ်တောင်းတာလမ်းဟာ ခုနစ်မိုင်နဲ့နှစ်ဖာလုံရှိပြီးတော့ ကျောက်ချော လမ်းအဖြစ် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အဆိုပါလမ်းနဲ့ပတ်သက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ ရန်ပုံငွေခွင့်ပြုထားခြင်းမရှိသေးပါဘူးခင်ဗျား။ လတ်တလောလည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး အစီအစဉ်အတိုင်း မှတ်သားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အုတ်ဖိုမြို့နယ်ရှိ အေးမြသာယာ-ရေတာ-ဂုံညှင်းတန်း-ကဝေစု-ဆီဆုံကုန်း-ငှက်ပျောတော ကျေးရွာချင်း ဆက်လမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန်နှင့် တံတားပျက်(၄)စင်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့သက်ဆိုင်တဲ့ အချက်များကို တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အုတ်ဖိုမြို့နယ်မှာရှိတဲ့ အေးမြသာယာမြို့သစ်ကို ၁၉၈၈

ခုနှစ်နောက်ပိုင်းမှာ တပ်မတော်အစိုးရတာဝန်ယူစဉ်ကာလမှာ ရန်ကုန်မှာရှိတဲ့ အိုးမဲ့အိမ်မဲ့များကို အခြေချနေထိုင်ခွင့်ပြုတဲ့ မြို့သစ်တစ်မြို့လည်းဖြစ်ပြီးတော့ အဲဒီမြို့သစ်နဲ့ အခြားကျေးရွာများကို ဆက်သွယ်ထားတဲ့ အေးမြသာယာ-ရေတာ-ဂုံညှင်းတန်း-ကဝေစု-ဆီဆုံကုန်း-ငှက်ပျောတောကျေးရွာ ချင်းဆက်လမ်းမကြီးဟာ အရှည် ၄.၅ မိုင်ရှည်လျားပြီးတော့ ၎င်းလမ်းမကြီးပေါ်မှာရှိတဲ့ အရှည်ပေ ၂၀ ရှိတဲ့ တံတားလေးစင်းဟာလည်း ပျက်စီးလျက်ရှိနေပါတယ်။ အထက်ဖော်ပြပါ ကျေးရွာခြောက်ရွာမှာ လူဦးရေ ၆၄၅၀ ဦး နေထိုင်လျက်ရှိကြပြီးတော့ အ.မ.ကကျောင်းငါးကျောင်းမှ ကျောင်းသားကျောင်းသူ များဟာ အ.ထ.က (အေးမြသာယာ)ကို ယခင်က သွားလာအသုံးပြုခဲ့တဲ့ လမ်းလည်းဖြစ်ခဲ့ပါတယ်။ ယခုအခါမှာ လမ်းနဲ့တံတားလေးစင်းဟာ ပျက်စီးနေတဲ့အတွက် အခြားဝေးလံတဲ့ အ.လ.က ကျောင်း များသို့ သွားရောက်သင်ကြားနေရတဲ့အတွက် ပြည်သူများအနေနဲ့ အဆိုပါလမ်းမကြီးအား ဂဝံလမ်း ခင်းပေးရန်နဲ့ တံတားလေးစင်းကို ပြန်လည်ပြုပြင်ပေးရန် တင်ပြတောင်းဆိုလာခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းသားကျောင်းသူများ သွားလာရေးအတွက် အဆင်ပြေပြီး ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အေးမြသာယာ-ရေတာ-ဂုံညှင်းတန်း-ကဝေစု-ဆီဆုံကုန်း-ငှက်ပျောတော ကျေးရွာ များသို့ ဆက်သွယ်ထားတဲ့ အရှည် ၄.၅ မိုင်လမ်းမကြီးကို ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန်နဲ့ ပျက်စီးနေတဲ့ တံတားလေးစင်းအား တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီးတော့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်ငွေအနေနဲ့ ပဲခူးတိုင်း ဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် အေးမြသာယာ-ရေတာ-ဂုံညှင်းတန်း-ကဝေစု-ဆီဆုံကုန်း-ငှက်ပျောတောလမ်းဟာ ၄ မိုင်နဲ့ ၅ ဖာလုံ

ရှိပါတယ်ခင်ဗျား။ မြေသားလမ်းပျက်ဖြစ်ပါတယ်။ အဆိုပါလမ်းကို ဂဝံလမ်းခင်းပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ စုစုပေါင်း တံတားအပါအဝင် ၁၉၉.၂၄ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၅၄၉၃.၇၇ သန်း ခွင့်ပြုထားတာဖြစ်ပါတယ်။ လမ်းတံတားများအတွက် ဖြစ်ပါတယ်ခင်ဗျား။ အုတ်ဖိုမြို့နယ် အတွင်းမှာ မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၃၆.၄၅ သန်း လမ်းတံတားအတွက် ခွင့်ပြုထားပါတယ်။ ထပ်မံပြီးတော့လည်း ဆက်လက်ခွင့်ပြုဖို့ လျာထားချက်များလည်း ဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်းမှာရှိတဲ့ အေးမြသာယာ-ရေတာ-ဂုံညှင်းတန်း-ကဝေစု-ဆီဆုံကုန်း-ငှက်ပျောတောလမ်းကို ဂဝံလမ်း ၄ မိုင်နဲ့ ၅ ဖာလုံ ခင်းဖို့ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်းမရှိပါဘူး။ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းလည်းမရှိပါဘူး။ သို့သော် လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း မှတ်သားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘားအံမြို့နယ်၊ သံလွင်မြစ်အနောက်ဘက်ကမ်း ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံဂူဘုရားသို့ သွားသော လမ်းကို ကျောက်ချောလမ်းအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ (ဘားအံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံဂူဘုရားသွားတဲ့လမ်းတစ်လျှောက်မှာ ကျောက်ချောလမ်း အဖြစ် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်မှာ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းပဲ ဖြစ်ပါတယ်ရှင်။ အကျိုးအကြောင်းဖော်ပြချက်အရ အနည်းငယ်တင်ပြပါရစေရှင်။ ကရင်

ပြည်နယ်၊ ဘားအံမြို့နယ် သံလွင်မြစ်အနောက်ဘက်ခြမ်း ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံဂူဘုရား လမ်းဟာ ဘားကပ်-ကုတ္တိုု ကျေးရွာချင်းဆက်လမ်းနဲ့ သုံးမိုင်ခန့် ကွာဝေးတာဖြစ်ပါတယ်။ ၎င်းဂူဘုရားသို့ သွားရာလမ်းတစ်လျှောက်ဟာ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ကျွန်မတို့ အဝင်ဝတစ်ပိုင်းတစ်စကို သိန်းငါးဆယ်ဖြင့် ကူညီပံ့ပိုးပြီးတော့ ကျေးရွာ လူထုရဲ့လုပ်အားနဲ့ ကွန်ကရစ်လမ်းခင်းခဲ့ပါတယ်။ ဒါ့အပြင် ရသေ့ပျံဂူအဝရဲ့ ခြေရင်းမှာလည်းပဲ ဒီကျေးလက်ဦးစီးဌာနရဲ့ ပံ့ပိုးငွေ သိန်းသုံးဆယ်ကျပ်နဲ့ ကျေးရွာလူထုရဲ့ ပူးပေါင်းပါဝင်မှုဖြင့် လမ်းကို ပြုပြင်ခဲ့ပါတယ်။ ကျေးရွာအဝင် ရွာဦးထိပ်နဲ့ ကျေးရွာရဲ့ ဂူဝတောင်ခြေရင်းမှာ လမ်းကကောင်းမွန် ပေမယ့် အလယ်လမ်းတစ်လျှောက်မှာတော့ မြေသားလမ်းတွေဖြစ်တဲ့အတွက်ကြောင့် မိုးရာသီမှာ အင်မတန်မှကို ရွှံ့ဗွက်တွေထလျက်ရှိပါတယ်။ ဒီမြေသားလမ်းတစ်လျှောက်လုံးကို အသုံးပြုနေရတဲ့ တစ်ဖက်အိမ်ရွာလေးတွေဖြစ်တဲ့ ဆင်ကျိုးကျေးရွာအုပ်စုနဲ့ ပန်းကုံးကျေးရွာအုပ်စုက ရွာသူရွာသားများ ကလည်းပဲ ဒီလမ်းလေးကိုပဲ အသုံးပြုနေကြရပါတယ်။ မိုးရာသီရော၊ နွေရာသီတစ်လျှောက်လုံးပါ အသုံးပြုနေကြရတဲ့ အထူးသဖြင့် ဘားကပ်ကျေးရွာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေရတဲ့ ကျောင်းသူကျောင်းသားများအတွက် အင်မတန်မှ အခက်အခဲကို ဖြစ်စေပါတယ်။ ဒါကြောင့် ဒီလမ်း လေးကို အားလုံးအဆင်ပြေစေနိုင်ဖို့အတွက် ဒီကွန်ကရစ်လမ်းအဖြစ် သို့မဟုတ် ကျောက်ချောလမ်း အဖြစ်ကို ဆောင်ရွက်ပေးရန် အစီအစဉ် ဆန္ဒရှိကြပါတယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ရှေးဟောင်း သမိုင်းဝင် ရသေ့ပျံဂူဘုရားလမ်းကို သွားတဲ့လမ်းတစ်လျှောက်မှာ ကျောက်ချောလမ်းအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဖြည့်စွက်ရန်ပုံငွေဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ကျေးရွာပြည်သူများရဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် တင်ပြမှာဖြစ်ပါတယ်ခင်ဗျား။ ကရင် ပြည်နယ်၊ ဘားအံမြို့နယ် သံလွင်မြစ်အနောက်ဘက်ခြမ်း ရှေးဟောင်းသမိုင်းဝင်ရသေ့ပျံဂူဘုရားကို သွားတဲ့ ဘားကပ်-ရသေ့ပျံဂူလမ်းဟာ အရှည် တစ်မိုင်နဲ့ခြောက်ဖာလုံရှိပါတယ်ခင်ဗျား။ အဆိုပါလမ်း ကို ကတ္တရာလမ်းခင်းလို့ရှိရင် ကုန်ကျငွေ ၁၄၈.၇၅ သန်းဖြစ်ပါတယ်။ ကရင်ပြည်နယ်ချုပ်အနေနဲ့ ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်အနေဖြင့် ၄၂၃၇.၅၀ သန်း လမ်းတံတားအတွက် ခွင့်ပြုထားတာ ရှိပါတယ် ခင်ဗျား။ ဘားအံမြို့နယ်ချုပ်အနေနဲ့တင်ပြရလို့ရှိရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ လမ်းတံတားအတွက် ခွင့်ပြုရန်ပုံငွေဟာ ၂၅၇.၇၃ သန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်း ထားတဲ့ ဘားအံမြို့နယ်အတွင်းမှာရှိတဲ့ သံလွင်မြစ်အနောက်ဘက်ခြမ်း ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံ ဂူဘုရားကိုသွားတဲ့ ဘားကပ်-ရသေ့ပျံဂူလမ်းနဲ့ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်းမရှိပါဘူး။ သို့သော် လည်း ခုနလို ဘားအံ-ဘားကပ်-ရသေ့ပျံလမ်းကိုတော့ ကတ္တရာခင်းဖို့အတွက် ကျွန်တော်တို့ စစ်ဆေး တွက်ချက်ပြီးလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း လျာထားပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၉-၅-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ် များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင် ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ)**။ ။ ရှိသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် တက်ရောက်လာသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော် အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပြည်ထောင်စုရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၇-၄-၂၀၁၅ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၁၉-၅-၂၀၁၅ ရက်နေ့ အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ၁၉-၅-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်နေသော ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ ဖွဲ့စည်းပုံများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ

ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ဝင်များအား ထိုက်သင့်သော လစဉ်ချီးမြှင့်ငွေနှင့် စရိတ်များ ရရှိစေရန်ရည်ရွယ်၍ ဤပြင်ဆင်သည့်ဥပဒေကို တင်သွင်းရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၅-၂၀၁၅ ရက်နေ့နှင့် ၂၅-၅-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အမျိုးသားလွှတ်တော်၏ အတည်ပြုဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၇ ပိုဒ် ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက် ၆ ချက်ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

(၃) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃ ရှိ အခန်း ၅၊ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၃ အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ်တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်အချက်အဆိုတင်သွင်းဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၄)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃) ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၄) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့ (ကြာသပတေးနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ကို ၁၀ း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**